# ပြည်ထဲရေး

သတင်းလွှာ

အတွဲ (၁၇) အမှတ် (၂)          ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်


(၂၆-၂-၂၀၂၂)ရက်၊ အကျဉ်းဦးစီးဌာန (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အထူးထုတ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၁)ကျင်းပမှု




မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၁)ကို ၂၁-၁၂-၂၀၂၁ ရက်နေ့ ၁၄၀၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းက မြန်မာနိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့နေရသော မူးယစ်ဆေးဝါး ပြဿနာများသည် ဘိန်းစိုက်ရေိယာများ ဆက်လက်ရှိနေခြင်း၊ ဘိန်းဖြူထုတ်လုပ်မှု ရှိနေခြင်း၊ လူလုပ်မူးယစ်ဆေးဝါးများ (Synthetic Drugs) များဖြစ်သည့် အိုက်(စ်)မက်အဖက်တမင်းနှင့် စိတ်ကြွရူးသွပ်ဆေးဝါးများ ထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှု မြင့်တက်လာနေခြင်းကို ဖမ်းဆီးရမိမှုဖြစ်စဉ်များအရလည်းကောင်း၊ အစပျိုးဓာတုပစ္စည်းများ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှု ရှိနေခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆက်စပ်လျက် နောက်ဆက်တွဲအန္တရာယ်များ မြင့်တက်လာနေခြင်းနှင့် အွန်လိုင်းနည်းပညာများကိုအသုံးပြု၍ရောင်းဝယ်ခြင်း စသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း၊ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေသစ်ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်တွင် ထုတ်ပြန်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို စီမံချက်များ ရေးဆွဲဆောင်ရွက်ခဲ့ရာ ဖမ်းဆီးရမိမှု ကိန်းဂဏန်းများ နှစ်စဉ်

**စာမျက်နှာ ( ၁၉ )သို့**

**အင်းစိန်ဗဟိုအကျဉ်းထောင်၌ ၂၀၂၁-၂၀၂၂ ခု၊ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် အကျဉ်းသား(ကျောင်းသား)များအား ပြင်ပဆရာ/ဆရာမများ လာရောက်သင်ကြားပေးခဲ့ခြင်း**

စာ(၃)သို့

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ လှိုင်မြစ်လမ်း၊ အင်းစိန်ခုံးကျော်တံတားပေါ် လုယက်မှုဖြစ်စဉ်မှ တရားခံများ ဖမ်းဆီးရမိမှု**

စာ(၆)သို့

**(၇၄)နှစ်မြောက်၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား) ဖိုင်နယ်ပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနား**

စာ(၁၅)သို့

## ထောင်တာဝန်ခံအရာရှိသင်တန်းအမှတ်စဉ်(၁၆)၊ ကွန်ပျူတာနှင့် PMIS အခြေခံသင်တန်း အမှတ်စဉ်(၂၁)သင်တန်း ဖွင့်ပွဲအခမ်းအနားပြုလုပ်ခြင်း






အကျဉ်းဦးစီးဌာန၊ ရုံး/ အကျဉ်းထောင်/အချုပ်ထောင်/စခန်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ စွမ်းရည်(၄)ရပ်ပြည့်ဝစေရေးအတွက် သင်တန်းများ ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အကျဉ်းဦးစီးဌာနမှ ရုံးအမှတ်(၄၉) နေပြည်တော်တွင် ထောင်တာဝန်ခံအရာရှိသင်တန်းအမှတ်စဉ်(၁၆)အား သင်တန်းသား၊ သင်တန်းသူ ၃၃ ဦးဖြင့်လည်းကောင်း၊ ကွန်ပျူတာနှင့် **PMIS** အခြေခံသင်တန်း အမှတ်စဉ်(၂၁)အား သင်တန်းသူ ၂၅ ဦးဖြင့်လည်းကောင်း ၁၃-၁၂-၂၀၂၁ ရက်နေ့မှ ၄-၃-၂၀၂၂ ရက်နေ့အထိ ရက်သတ္တ ၁၂ ပတ်ကြာဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၁၃-၁၂-၂၀၂၁ ရက်နေ့ ၀၇၀၀ အချိန်တွင် ရုံးအမှတ် (၄၉) နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ အကျဉ်းဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်း တက်ရောက်၍သင်တန်းဖွင့် အမှာစကားပြောကြားပြီး အခမ်းအနားသို့ ဌာနဆိုင်ရာအရာရှိများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်းအင်အား ၇၃ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အင်ဂျင်ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းအမှတ်စဉ်(၁/၂၀၂၁) ဖွင့်လှစ်ပြီးစီးခြင်း

အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မန္တလေးဗဟိုအကျဉ်းထောင်တွင် အင်ဂျင် ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း အမှတ်စဉ်(၁/၂၀၂၁)အား ၁၄-၁၂-၂၀၂၁ မှ ၁၀-၁-၂၀၂၂ ရက်နေ့အထိ အကျဉ်းသား (သင်တန်းသား) ၁၅ ဦးဖြင့် (၄)ပတ်ကြာဖွင့်လှစ်သင်ကြား ပေးခဲ့ပါသည်။ သင်တန်းအား နည်းပြဆရာအဖြစ် အကျဉ်းထောင်တပ်သား စောသီဟ ဦးဆောင်၍ အကျဉ်းသား စက်ပြင်ကျွမ်းကျင်သင်တန်း နည်းပြ ၂ ဦးဖြင့် အကျဉ်းထောင်အလုပ်ရုံဆောင်၊ အသက်မွေးမှုပညာသင်ကျောင်းတွင် သင်ကြားပေးခဲ့ကြပါသည်။



သင်တန်းဆင်းပွဲအခမ်းအနားအား ၁၀-၁-၂၀၂၂ ရက်နေ့တွင် အကျဉ်းထောင်အလုပ်ရုံဆောင်၊ အသက်မွေးမှုပညာသင်ကျောင်း၌ ကျင်းပ ပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်းမှ သင်တန်းဆင်းမိန့်ခွန်းပြောကြားခြင်း၊ အကျဉ်းထောင်တာဝန်ခံအရာရှိမှ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပေးခဲ့ပြီး သင်တန်းသားများ၏ (၁)လုံးထိုး အင်ဂျင်မောင်းနှင်လည်ပတ်ပုံသရုပ်ပြခြင်းတို့အား ကြည့်ရှုအားပေးခဲ့ကြောင်းသတင်းရရှိပါသည်။

## မြစ်ကြီးနားအကျဉ်းထောင်တွင် Physical Fitness Dance သင်တန်းဖွင့်လှစ်ပေးခဲ့ခြင်း




အကျဉ်းဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မြစ်ကြီးနား အကျဉ်းထောင်တွင် မြစ်ကြီးနားမြို့၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပူးပေါင်း၍ **Physical Fitness Dance** သင်တန်းအား ၂၀-၁၂-၂၀၂၁ ရက်နေ့မှ ၆-၁-၂၀၂၂ရက်နေ့အထိ နေ့စဉ် ၀၇၀၀ နာရီမှ ၀၈၀၀ နာရီအထိ နေ့စဉ် (၁)နာရီကြာ အကျဉ်းထောင်ဝန်ထမ်း(၃၀)ဦး၊ ဝန်ထမ်းမိသားစုဝင်(၁၀)ဦး၊ စုစုပေါင်း(၄၀)ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။

အဆိုပါသင်တန်း ဆင်းပွဲအခမ်းအနားအား ၆-၁-၂၀၂၂ ရက်နေ့ ၀၇၀၀ နာရီအချိန်တွင် အကျဉ်းထောင်ဓမ္မာရုံ၌ပြုလုပ်ခဲ့ပြီး အကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်စိန်မှ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့်သင်တန်းတက်ရောက်သည့် ဝန်ထမ်းများမှ ဆက်လက်၍အကျဉ်းထောင်အတွင်းတွင် အကျဉ်းသား/သူများအား ဆင့်ပွားသင်ကြားပြသ လေ့ကျင့်ပေးမည်ဖြစ်ကြောင်းနှင့် မြစ်ကြီးနားမြို့၊ ခရိုင်မှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးနိုင်မှ **Physical Fitness Dance** ပြုလုပ်ကစားခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ အားကစားဆိုင်ရာအသိပညာပေး ဟောပြောမှုများပြုလုပ်ခဲ့ကာ သင်တန်းသား/သူများမှ ကိုယ်လက်လှုပ်ရှား အားကစားနည်း **Physical Fitness Dance** အား သရုပ်ပြသပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အင်းစိန်ဗဟိုအကျဉ်းထောင်၌ ၂၀၂၁-၂၀၂၂ ခု၊ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုမည့် အကျဉ်းသား(ကျောင်းသား)များအား ပြင်ပဆရာ/ဆရာမများ လာရောက်သင်ကြားပေးခဲ့ခြင်း



အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အင်းစိန် ဗဟိုအကျဉ်းထောင်တွင် ၂၀၂၁-၂၀၂၂ ခု၊ ပညာသင်နှစ်၌ ဒသမတန်း(တက္ကသိုလ်ဝင်တန်း)သို့ အတွဲ(၁)ဘာသာတွဲဖြင့် ၃ ဦး၊ အတွဲ(၂)ဘာသာတွဲဖြင့် ၃ ဦး၊ စုစုပေါင်း ၆ ဦးအား သင်ကြားပေးလျက်ရှိရာ ပြင်ပအခြေခံပညာကျောင်းများမှ အထက်တန်းပြဆရာ/ဆရာမများ လာရောက်သင်ကြားပေးလျက် ရှိပါသည်။ အဆိုပါ အကျဉ်းသား(ကျောင်းသား)များအား တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ကောင်းမွန်စွာ ဖြေဆိုနိုင်ရေး၊ ထူးချွန်စွာ အောင်မြင်နိုင်ရေးတို့အတွက် ပြင်ပအခြေခံပညာကျောင်းများမှ ဆရာ/ဆရာမများအပြင် ပြင်ပစာသင်ဝိုင်းများ၌ သင်ကြားနေသော ဆရာ/ဆရာမများကိုပါ သီးသန့်ငှားရမ်း၍ သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

## အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/အချုပ်ထောင်/စခန်းများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့ခြင်း

အကျဉ်းဦးစီးဌာန၊ အကျဉ်းထောင်/အချုပ်ထောင်/စခန်းများတွင် ဝန်ထမ်းများ၊ အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှု၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှုတို့ဖြင့် အကျဉ်းဦးစီးဌာန တာဝန်ရှိသူများမှ တာဝန်ယူကာ ၂၈-၇-၂၀၂၁ ရက်နေ့မှ စတင်၍ ၎င်းတို့ဒေသအသီးသီးရှိ သက်ဆိုင်ရာ ဆေးတပ်ရင်းတပ်ဖွဲ့များ၊ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများနှင့်သက်ဆိုင်ရာပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ၈-၁-၂၀၂၂ရက်နေ့အထိ အကျဉ်းသား/သူ၊ အချုပ်သား/သူ ၃၉၉၉၀ ဦးအား ကာကွယ်ဆေး(၂)ကြိမ်ထိုးနှံပေးခဲ့ပြီး၊ အကျဉ်းသား/သူ၊ အချုပ်သား/သူ ၂၉၀၆ ဦးအား (ပထမအကြိမ်) ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ပါသည်။ ဆေးထိုးနှံရန်ကျန်ရှိသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။



## (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အပိုဆောင်း အထူးဟင်းလျာ ကျွေးမွေးခြင်း





အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး ကွပ်ကဲမှုအောက် အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများအား နှစ်စဉ် လွတ်လပ်ရေးနေ့ ကျရောက်တိုင်း အထိမ်းအမှတ်အောင်ပွဲအဖြစ် ပျော်ပွဲရွှင်ပွဲပြုလုပ်စေခြင်းနှင့် အပိုဆောင်း အထူးဟင်းလျာများ ကျွေးမွေးစေခြင်းတို့အား နှစ်စဉ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အကျဉ်းသား/သူ၊ အချုပ်သား/သူများအား တစ်ဦးလျှင် ၃၁၅ ကျပ်နှုန်းဖြင့် အပိုဆောင်းဟင်းလျာများ ကျွေးမွေးခဲ့ရာ ယင်းနေ့ရှိ အကျဉ်းသား/သူ၊ အချုပ်သား/သူ ၅၁,၂၁၂ ဦးအတွက် ၁၆,၁၃၁,၇၈ဝ/- (ကျပ် တစ်ရာခြောက်ဆယ့်တစ်သိန်း သုံးသောင်းတစ်ထောင်ခုနစ်ရာရှစ်ဆယ်ကျပ်တိတိ) အား ကျခံသုံးစွဲခဲ့ကြောင်း သတင်းရရှိပါသည်။

## အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူများအား ပြစ်ဒဏ်မှလွတ်မြောက်သွားသောအခါ အသက်မွေးဝမ်းကျောင်းအတတ်ပညာတစ်ခုခု တတ်မြောက်သွားစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ရှမ်းပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ သီပေါအကျဉ်းထောင်တွင် ဆံသသင်တန်းအား ၁-၁-၂၀၂၂ ရက်နေ့မှ ၁၀-၂-၂၀၂၂ ရက်နေ့အထိလည်းကောင်း၊ "အ"သုံးလုံးသင်တန်းအား ၃-၁-၂၀၂၂ရက်နေ့မှ ၁၀-၄-၂၀၂၂ ရက်နေ့အထိလည်းကောင်း ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။



## ဘူးသီးတောင်-မောင်တောဒေသဖွံ့ဖြိုးရေးအသင်း (BMRDA)အဖွဲ့မှ စောင်များ လာရောက်လှူဒါန်းခြင်း



အကျဉ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ ဘူးသီးတောင်အကျဉ်းထောင်သို့ ၂၃-၁၂-၂၀၂၁ ရက်နေ့ ဝန်ထမ်းများနှင့် အကျဉ်းသား/သူများအတွက် ဆောင်းရာသီသုံးစောင်ခြုံထည် အထည် ၁၀၀၀ အား ဘူးသီးတောင်-မောင်တောဒေသဖွံ့ဖြိုးရေးအသင်း(BMRDA)မှ လှူဒါန်းခြင်းအခမ်းအနားအား အခြေချစစ်ဗျူဟာ(ဘူးသီးတောင်)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မြတ်မင်းမိုး၊ ဘူးသီးတောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျန်အေးနှင့် အလှူရှင် ဦးအောင်ဇော်ဝင်းနှင့်အဖွဲ့မှ တက်ရောက်လှူဒါန်းခဲ့ပါသည်။ အလားတူ စစ်တွေအကျဉ်းထောင်သို့လည်း ၂၄-၁၂-၂၀၂၁ ရက်နေ့တွင် စောင်ခြုံထည် ၇၀၀ အား လာရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ငွေကျပ်သိန်း ၅,၉၀၀ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု

၄-၁-၂၀၂၂ ရက်နေ့ ၁၈၀၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီး(ဂျန်မိုင်ကောင်း)ရပ်ကွက်၊ အိမ်အမှတ်(၂၄၉)နေ မခေါ်နိဆန်၏နေအိမ်အား သတင်းအရရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းရှိ ဆာလာအိတ်များအတွင်းမှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၅,၉၀၀ကျော် တန်ဖိုးရှိ ဘိန်းဖြူ ၃ ဒသမ ၇၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၃၆ သိန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအားဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



## ကရင်ပြည်နယ်၊ ဘားအံမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၇ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိမှု



၂၁-၁၂-၂၀၂၁ ရက်နေ့ ၁၄၀၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဘားအံ-ထုံးအိုင်သွားကားလမ်းတွင် သံလွင်တံတားမှ ဘားအံမြို့ဘက်သို့ စိုင်းစောရင်(၃၅)နှစ် မောင်းနှင်လာသည့် ALPHARD မော်တော်ယာဉ်အား သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၇ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းအားဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## မန္တလေးတိုင်းဒေသကြီး၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး)၌ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၀၈/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပမှု



၂၄-၁-၂၀၂၂ ရက်နေ့ ၀၈၀၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး) ရှိ ဗဟိုခန်းမ၌ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၀၈/၂၀၂၂)သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ ရဲအရာရှိ လေ့ကျင့်ရေးကျောင်း၊ နည်းပြမှူးချုပ် ရဲမှူးကြီး မြင့်ဆွေမှ သင်တန်းဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး အဆိုပါ အခမ်းအနားသို့ ရဲအရာရှိ လေ့ကျင့်ရေးကျောင်းမှ တပ်ဖွဲ့ဝင် အရာရှိများ၊ နည်းပြများနှင့် သင်တန်းသား/သင်တန်းသူ ၃၄၇ ဦးတို့ တက်ရောက်ခဲ့ကာ သင်တန်းကာလမှာ ၂၄-၁-၂၀၂၂ ရက်နေ့မှ ၁၄-၁၀-၂၀၂၂ ရက်နေ့အထိဖြစ်ကြောင်း သတင်းရရှိပါသည်။

## မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် တန်ဖိုးငွေကျပ် သိန်း ၈,၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများဖမ်းဆီးရမိမှု

၁၁-၁-၂၀၂၂ ရက်နေ့ ၁၆၀၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးတိုင်း ဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မိုးကြိုးပူးပေါင်းစစ်ဆေးရေးစခန်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ စစ်ကိုင်းတိုင်းဒေသကြီးသို့ ကျော်စံမင်းမောင်းနှင်ပြီး၊ ဇော်မင်းဦးနှင့် အောင်ဗလတို့လိုက်ပါလာသည့် **NISSAN** (၁၀)ဘီးမော်တော်ယာဉ်အား သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၈,၀၀၀ကျော် တန်ဖိုးရှိ ဘိန်းဖြူ ၃၀ ဒသမ ၈ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂,၈၀၀ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဇန်နဝါရီလ ၁၂ ရက်နေ့ နံနက် ၀၇၃၀ အချိန်တွင် မန္တလေးမြို့၊ (၁၆)မိုင် စစ်ဆေးရေးဂိတ်၌ မူးယစ် ဆေးဝါးများသယ်ဆောင်ရာတွင် ဦးစီးသယ်ဆောင်သူများဖြစ်ကြသည့် အောင်နိုင် နှင့် ဖိုးဇော်တို့(၂)ဦးအား **SURF** မော်တော်ယာဉ် တစ်စီးနှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့(၅)ဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက် ရှိကြောင်း သတင်းရရှိသည်။



## မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့တွင် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှု



၂၉-၁၂-၂၀၂၁ ရက်နေ့ ၂၁၃၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ရဲရွာအနီး ကားလမ်းဘေးတွင် **AD Van** မော်တော်ယာဉ်မောင်းနှင်သူ ကျော်ဇင်လင်းအား ၎င်းသယ်ဆောင် လာသည့် ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၅,၅၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၂၂ကီလိုနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါ ဘိန်းဖြူအား ပြင်ဦးလွင်မြို့နယ်မှ ပြည်ကြီးတံခွန်မြို့နယ်သို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရှိရပါသည်။ အလားတူ ပူးပေါင်းအဖွဲ့သည် သတင်းအရ ၃၁-၁၂-၂၀၂၁ရက်နေ့ ၁၀၃၀အချိန် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံ မြို့နယ်၊ ၂၁ လမ်း၊ ၈၆×၈၇လမ်းကြားတွင် နေမျိုးအောင်အား **Foton** (၆)ဘီး မော်တော်ယာဉ်(၁)စီးနှင့်အတူ တွေ့ရှိရသဖြင့် ရှာဖွေရာ မော်တော်ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၄,၉၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၉ ဒသမ ၆၉ ကီလို၊ ဘိန်း ၈ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့ရာ စစ်ဆေး ဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ စစ်ကိုင်းတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်း ရရှိသည်။


## ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိမှု





၂၂-၁၂-၂၀၂၁ ရက်နေ့ ၁၄၀၀ အချိန်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ နန္ဒင်းကုန်း ရပ်ကွက်၊ သုမင်္ဂလာလမ်းတွင် မင်းလှစိုး(ခ)အဖွာရ်အဒ်မောင်းနှင့်ပြီး လှချို(ခ)အဒူရာမန်နှင့် ဝေဇင်(ခ) သော်ဇင်လတ်(ခ) အာလာဖတ်တို့ လိုက်ပါလာသည့် Vigo မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂ သိန်း တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ၁၅၃၀ အချိန် ၎င်းတို့ ငှားရမ်းနေထိုင်သည့် သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အိမ်အမှတ် (၁၇၀) အား ဆက်လက်ရှာဖွေရာ နေအိမ်အိပ်ခန်းရှိ ဆာလာအိတ်များအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသ ကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၃ သိန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ ၃ ဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ လှိုင်မြစ်လမ်း၊ အင်းစိန်ခုံးကျော်တံတားပေါ် လုယက်မှုဖြစ်စဉ်မှ တရားခံများ ဖမ်းဆီးရမိမှု



၁၉-၁၂-၂၀၂၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အင်းစိန်ဈေးတွင် ဖွင့်လှစ်ထားရှိသော ကံ့ချင်းအာမခံ ရွှေဆိုင်ပိုင်ရှင် ဦးနှင်းငွေ(၅၁)နှစ်သည် ဇနီး ဒေါ်သူဇာအေး(၄၅)နှစ်၊ သားဖြစ်သူ မောင်မောင်သက်ခိုင်(၉)နှစ်တို့နှင့်အတူ ၎င်း၏ရွှေဆိုင်မှ နေအိမ်သို့ ပြန်လာခဲ့ရာ အင်းစိန်မြို့နယ်၊ လှိုင်မြစ်လမ်း၊ အင်းစိန်ခုံးတံတားအလယ်သို့ ရောက်ရှိစဉ် အငှားယာဉ် **YGN-SF / 7939 Probox** အဖြူရောင်ယာဉ်သည် လမ်းအား ပိတ်ရပ်၍ ယာဉ်ပေါ်ပါ အမျိုးသား(၅)ဦးမှ ဦးနှင်းငွေပိုင်ဆိုင်သည့် ရွှေထည်ပစ္စည်း စုစုပေါင်းအလေးချိန် ၄ ပိဿာ ၅၀ ကျပ်သားခန့် ထည့်ထားသည့် လက်ဆွဲအိတ် ၂ လုံး(ကာလတန်ဖိုးငွေ သိန်း ၇၂၀၀ကျပ်ခန့်) လုယက်ယူဆောင်ကာ စီးနင်းလာသည့် ယာဉ်ဖြင့် ထွက်ပြေးသွားခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ရာ လုယက်မှုဖြစ်စဉ်တွင် ကျူးလွန်ခဲ့သော တရားခံများအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ တရားခံများဖြစ်သည့် သန်းဇင်ဦး(ခ)ဝတုတ်(၃၃)နှစ်၊ အေးအေးဟန် (ခ)သဲသဲ(၄၃)နှစ်၊ ဘောဂ(၂၉)နှစ်၊ သန်းမြင့်စိုး(ခ)စိုးလေး(၄၆)နှစ်၊ သင်းသင်း(၃၄)နှစ်၊ ခိုင်နှင်းဝေ (၂၁)နှစ်၊ ဟိန်းဇော်ထွန်း (ခ)ကိုဟိန်း(၃၂)နှစ်၊ စည်သူဖြိုး(ခ)စည်သူထွေး(၂၅)နှစ်၊ ဇင်ငြိမ်းအောင်(ခ)ဇင်ကိုဝင်း(၂၈)နှစ်၊ မိုးဇင်ဦး(ခ) မျိုးမင်းဦး(၃၁)နှစ်တို့အား ငွေစက္ကူရောရာများ၊ ရွှေထည်ပစ္စည်းမျိုးစုံ၊ အသုံးပြုခဲ့သောယာဉ်များ၊ မူးယစ်ဆေးဝါးများ၊ လက်ပစ်ဗုံး ၁လုံး၊ ပစ်စတိုသေနတ်(အတု) ၁ လက်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတရားခံများ၏ ထွက်ဆိုချက်များအရ ကွင်းဆက်တရားခံများဖြစ်သည့် ဇော်လင်း၊ နေဇော်၊ ကုလား၊ မုတ်ကြီး၊ ချိုဦးတို့အား ဆက်လက်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ၎င်းတရားခံများအား ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သတင်းရရှိပါသည်။

## ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၃,၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိမှု

၁၀-၁-၂၀၂၂ ရက်နေ့ ၁၇၃၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် လားရှိုးမှ မန္တလေးသို့ ရဲမင်းအောင်(ခ)ကိုငယ် မောင်းနှင်ပြီး လွှမ်းမိုး(ခ)ကိုစိုင်း လိုက်ပါလာသည့် **LANDCRUISER** မော်တော်ယာဉ်အား သတင်းအရ ရှာဖွေရာ ယာဉ်အတွင်းမှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၃,၀၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆ သိန်းသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့(၂)ဦးအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



## ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပင်လုံမြို့တွင် ငွေကျပ်သိန်း ၄,၇၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိမှု



၃-၁-၂၀၂၂ ရက်နေ့ ၁၅၀၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လုံမြို့၊ နမ့်မလင်းကျေးရွာအနီး၊ ပင်လုံ-လဲချားသွားကားလမ်းတွင် လဲချားမှ ပင်လုံဘက်သို့ မြင့်အောင် မောင်းနှင်လာသည့် **NISSAN** (၁၂)ဘီးမော်တော်ယာဉ်အား သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၄,၇၀၀ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၉ ဒသမ ၃၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဘိန်းဖြူများအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအားဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်တွင် ငွေကျပ် ၁၇ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိမှု

၇-၁-၂၀၂၂ ရက်နေ့ ၁၈၀၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ လွိုင်လင်-တောင်ကြီးသွားကားလမ်း၊ ဟိုတင့်ကျေးရွာအနီး၌ လွိုင်လင်မှ တောင်ကြီးဘက်သို့ မြင့်စိုး မောင်းနှင်ပြီး ကျော်စိုင်း(ခ)အားကျူး လိုက်ပါလာသည့် **ISUZU** (၁၂)ဘီး မော်တော်ယာဉ်အား ရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း)များ ၆၃၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး သတင်းကွင်းဆက်အရ ၁၉၀၀ အချိန်တွင် လွိုင်လင်-တောင်ကြီးသွားကားလမ်း၊ ချိုခမ်းကျေးရွာနှင့် မိုင်းပွန်ကျေးရွာကြား၌ သက်ဖူးမောင်းနှင်ပြီး ဇေခေါင်လိုက်ပါလာသည့် **ISUZU** (၁၂)ဘီးမော်တော်ယာဉ်အား ဆက်လက်ရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၆၀၃ကီလို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ ၂၀၀၀ အချိန်ခန့်တွင် မူးယစ်ဆေးဝါးများသယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ကိုအောင် (ခ) နော်တောင်နှင့် မာလ(ခ)ရှုရှယ်တို့အား လွိုင်လင်မြို့အဝင် တိုးဂိတ်အနီး၌ **HIJET** မော်တော်ယာဉ် ၁ စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၁၇ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁,၂၃၈ ကီလိုသိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား



တန့်ယန်းမြို့နယ်၊ မိုးကောင်းမှ တောင်ကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ (၆)ဦးအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်း ရရှိသည်။

# မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်းနှင့် Blue Diamond ရှိ "ရွှေလွယ်အင်း"ကုမ္ပဏီ (ငွေအပ်နှံ/ထုတ်ပေးဌာန)မှ လုယက်ခံရမှု ကျူးလွန်သူတရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိမှု




၁၇-၁၂-၂၀၂၁ ရက်နေ့ ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ ၇၃လမ်းနှင့် **Blue Diamond** လမ်းကြား၊ မင်္ဂလာမန္တလေးအိမ်ရာဝင်း၊ တိုက်(၃)၊ အခန်း(၃)၊ မြေညီထပ်ရှိ "ရွှေလွယ်အင်း" (ငွေအပ်နှံ/ထုတ်ပေး)ကုမ္ပဏီသို့ **Mask** တပ်ဆင်လျက် လက်နက်ကိုင်ဆောင်ထားသည့် လူ(၄)ဦးမှ ဝင်ရောက်လာကာ ဝန်ထမ်းများအား ခြိမ်းခြောက်၍ ကုမ္ပဏီရှိ ငွေကျပ်သိန်း ၃၀၀၀ ခန့်အား လုယူကာ **MDY/xxxx** နံပါတ်ပါ **ESTIMA** အမျိုးအစား အဖြူရောင်ယာဉ်ဖြင့် ထွက်ပြေးသွားခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ရာ လုယက်မှု ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အချိန်နှင့်တစ်ပြေးညီ စုံစမ်းပိတ်ဆို့ရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ရာ ညပိုင်းတွင် ချမ်းမြသာစည်မြို့နယ်၊ (၁၁၁)လမ်း၊ ၇၄နှင့် ၇၅ လမ်းကြား၊ က-၇၊ အုန်းအင်းကျူးလမ်းအတွင်းရှိ ကန္တာရချုံများကြား၌ ပြစ်မှုကျူးလွန်သူများရပ်ထားခဲ့သော **MDY/9C-4145** နံပါတ်ပါ **ESTIMA** အမျိုးအစား အဖြူရောင်ယာဉ်နှင့် ၎င်းယာဉ်ပေါ်၌ ငွေကျပ်သိန်း ၃၀၀ ထည့်ထားသော ဆာလာအိတ်အဖြူ တစ်အိတ်၊ သေနတ်အတုအရှည် ၃ လက်၊ အတို ၂ လက်၊ ပြောက်ကြားအနက်ရောင် ကျည်ကာ အင်္ကျီ ၅ ထည်၊ နိုင်ငံတော် တံဆိပ်တပ်ဆင်ထားသော ဦးထုပ် ၄ လုံးတို့အား သိမ်းဆည်းရမိခဲ့ပြီး သိမ်းဆည်းရမိသော မော်တော်ယာဉ်အားစိစစ်ခဲ့ရာ လိုင်စင်မဲ့ယာဉ်ဖြစ်ပြီး အဆိုပါယာဉ်အား မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်နေ သက်ပိုင်စိုးဆိုသူ ပိုင်ဆိုင်ကြောင်း စုံစမ်းသိရှိရသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ၁၁-၁-၂၀၂၂ ရက်နေ့တွင် သက်ပိုင်စိုး(၂၈)နှစ်အား ငွေကျပ်သိန်း ၇၆၀၊ မော်တော်ယာဉ် ၂ စီး၊ မော်တော်ဆိုင်ကယ် ၁ စီးတို့နှင့်အတူ ကျောက်ပန်းတောင်းမြို့နယ်၊ တက်မရေနံမှော်လုပ်ကွက်တွင် ဖမ်းဆီးရမိခဲ့ပါသည်။

တရားခံ သက်ပိုင်စိုး၏ ထွက်ဆိုချက်အရ "ရွှေလွယ်အင်း" (ငွေအပ်နှံ/ထုတ်ပေးဌာန)အား လုယက်မှုကို ၎င်းမှ ဦးဆောင်၍ သန့်ဇင်၊ မျိုးကိုကိုဝင်း(ခ)ကုလား၊ သန်းဇော်ထွန်း(ခ) လင်းလင်းကိုနှင့် ဇင်မျိုးဦး(ခ)သားကြီးတို့ အပါအဝင် ၅ ဦးမှ ပူးပေါင်းကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိရေးအတွက် တရားခံများ တိမ်းရှောင်လျက်ရှိသည့် ဒေသအသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ ၁၁-၁-၂၀၂၂ရက်နေ့ နံနက်ပိုင်းတွင် သန့်ဇင်(၂၈)နှစ်အား မော်တော်ဆိုင်ကယ် ၁ စီးနှင့်အတူ စစ်ကိုင်းမြို့၊ ထုံးဘိုရပ်ကွက်၊ ရွှေဒုံးရပ်ရှိ ၎င်း၏ နေအိမ်တွင်လည်းကောင်း၊ မျိုးကိုဝင်း(ခ)ကုလား(၁၉)နှစ်အား ငွေကျပ် ၄၅ သိန်းဖြင့် ဝယ်ယူထားသော မြေကွက် ၂ ကွက်၊ ဆိုင်ကယ် ၁ စီးတို့နှင့်အတူ စစ်ကိုင်းမြို့၊ အထက်တကောင်းရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင်လည်းကောင်း ၁၂-၁-၂၀၂၂ ရက်နေ့တွင် သန်းဇော်ထွန်း(ခ)လင်းလင်းကို(၃၂)နှစ်အား နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုကျေးရွာ၊ ကျောင်းစုရပ်နေသူအား ငွေကျပ်သိန်း ၁၀၀ နှင့်အတူ မွန်ပြည်နယ်၊ သထုံမြို့၌လည်းကောင်း၊ ဇင်မျိုးဦး(၃၂)နှစ်၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မရမ်းခုံကျေးရွာနေသူအား ငွေကျပ် ၁၄သိန်း၊ မော်တော်ယာဉ် ၁ စီး၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် မော်တော်ဆိုင်ကယ် ၁ စီးတို့နှင့်အတူ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ပျဉ်းပင်ကျေးရွာ၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပြီး တရားခံ ၅ ဦးနှင့်အတူ ယာဉ်ပေါ်မှ တွေ့ရှိငွေကျပ်သိန်း၃၀၀၊ တရားခံများထံမှ ပြန်လည်သိမ်းဆည်းရမိငွေကျပ် ၈၇၄ သိန်း၊ ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေများဖြင့် ဝယ်ယူထားသည့် မော်တော်ယာဉ် ၃ စီး၊ ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၅၄၀ ခန့်၊ ဆိုင်ကယ် ၂စီး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၇ သိန်းခန့်နှင့် ၎င်းတို့ဝယ်ယူထားသည့် မြေနှင့်အခြားပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၆၀ခန့်၊ စုစုပေါင်းငွေကျပ် ၁,၇၈၁သိန်းခန့်အား ပြန်လည်သိမ်းဆည်းရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံများအနေဖြင့် ပြည်သူလူထု၏ **PDF** အမည်ခံ အကြမ်းဖက်အဖွဲ့များမှ အကြမ်းဖက်ဖောက်ခွဲခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းများကြောင့် ဖြစ်ပေါ်နေသော စိုးရိမ်ထိတ်လန့်မှုအပေါ် အခွင့်အရေးအဖြစ်အသုံးချကာ ၎င်းတို့၏ ကိုယ်ရေးကိုယ်တာနှင့် ငွေကြေးလိုအပ်ချက်များအရ လုယက်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း၊ လုယက်မှုကျူး လွန်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝတ်ဆင်အသုံးပြုသည့် ကျည်ကာအင်္ကျီ၊ ဦးထုပ်၊ နံပါတ်တုတ်၊ သေနတ်အတုနှင့် စကားပြောစက်အတုများ ကိုင်ဆောင်အသုံးပြု၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် အသွင်ယူကာ လုယက်မှုအား ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်ချက်များအရ လုယက်မှုကျူးလွန်ခဲ့သူများအား ကျူးလွန်ရာတွင် အသုံးပြုခဲ့သော သက်သေခံပစ္စည်းများ၊ ကျူးလွန်ရာမှ ရရှိသည့် ငွေကြေးများ၊ ဝယ်ယူထားသည့် ယာဉ်၊ မြေ၊ အခြားပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

## မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိမှု

၂၉-၁၂-၂၀၂၁ ရက်နေ့ ၁၉၃၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၅၆လမ်း၊ ၁၃၂လမ်းနှင့် ၁၃၃ လမ်းကြားတွင် ယာဉ်မောင်း စိုင်းထွန်းအောင် မောင်းနှင်လာသည့် **NISSAN DIESEL** (၁၂)ဘီးမော်တော်ယာဉ်အားရှာဖွေရာ ယာဉ်ပေါ်တွင် လွှစာမှုန့်၊ နွားချေးအိတ်များဖြင့် ဖုံးအုပ်ထားသည့် ဒေသကာလတန်ဖိုးငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၄၁ ဒသမ ၈ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော ဘိန်းဖြူများအား ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံမြို့နယ်တွင် ငွေကျပ်သိန်း ၃,၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများဖမ်းဆီးရမိမှု



၁၁-၁၂-၂၀၂၁ရက်နေ့ ၁၅၃၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံ- ဟံမြင့်မိုရ်သွားကားလမ်း၊ ယုန်တောင်ကျေးရွာအနီးတွင် ရွာငံမှ ဟံမြင့်မိုရ်ဘက်သို့ ဘိုဘိုဇော် မောင်းနှင်ပြီး ပိုင်ထက်အောင် လိုက်ပါလာသည့် **Fuso** (၆)ဘီး မော်တော်ယာဉ်အား သတင်းအရရှာဖွေရာ ယာဉ်အတွင်းမှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၃,၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၁ ဒသမ ၁၃ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ၂၀၀၀ အချိန်တွင် ဘိန်းဖြူများ သယ်ဆောင်ရာတွင် တာဝန်ခံသယ်ဆောင်သူ ဝင်းနောင်(ခ)ဘိုဘိုအား **AD Van** မော်တော်ယာဉ် ၁ စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိသော ဘိန်းဖြူများအား ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်း ဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် ငွေကျပ် ၇၇၄ သိန်းတန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက် ၁၄ တန်ကျော် ဖမ်းဆီးရမိမှု

၃၀-၁၂-၂၀၂၁ ရက်နေ့ ၁၈၀၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် သိန္နီမှ မန္တလေးသို့ အောင်ဇော်ဦး မောင်းနှင်ပြီး သန်းဝင်းလိုက်ပါလာသည့် **NISSAN** (၆)ဘီးမော်တော်ယာဉ်အား သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ပြောင်းအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက် ၆ ဒသမ ၉တန် သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ ၃၁-၁၂-၂၀၂၁ ရက်နေ့ ၀၆၀၀ အချိန် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ လားရှိုး-မန္တလေးသွားကားလမ်း၊ မိုင်တိုင်အမှတ် (၄၇/၄၈) အကြားတွင် နောင်ချိုမှ ပြင်ဦးလွင်ဘက်သို့ ရန်ဖြိုးအောင်(ခ)မောင်ကြီး မောင်းနှင်ပြီး ထက်အာကာ(ခ)ကိုထက် လိုက်ပါလာသည့် **NISSAN** (၆)ဘီးမော်တော်ယာဉ်ကို ရှာဖွေရာ အလားတူပြောင်းအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက် ၇ ဒသမ ၁၅ တန် ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၇၇၄ သိန်း တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက် ၁၄ တန်ကျော် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့(၄)ဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု



ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်း ရရှိသည်။

## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၆၉ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိမှု

၂၁-၁၂-၂၀၂၁ ရက်နေ့ ၁၇၀၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နယ်၊ ကွန်ဟိန်း-ခိုလမ်သွားကားလမ်း၊ ဆိုင်းမွန်ကျေးရွာအနီးတွင် ကွန်ဟိန်းမှ ခိုလမ်ဘက်သို့ စိုင်းဝန်းလူမောင်းနှင်လာသည့် **Hilux Vigo** မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၆၉ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၂၁ကီလိုသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များအား ကွန်ဟိန်းမြို့နယ်၊ ဝမ်ပန်းကျေးရွာမှ ခိုလမ်မြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအားဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



## မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာတွင် ငွေကျပ်သိန်း ၃,၁၀၀ ကျော်တန်ဖိုးရှိ ဘိန်းများ ဖမ်းဆီးရမိမှု



၂၂-၁၂-၂၀၂၁ ရက်နေ့ ၁၂၀၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကလော-သာစည်သွားကားလမ်း၊ ကျွဲတပ်ဆုံ ကျေးရွာပူးပေါင်းစစ်ဆေးရေးစခန်းတွင် ကလောမှ သာစည်ဘက်သို့ စောသူရအောင်မောင်းနှင်လာသည့် **Fuso** (၁၂)ဘီး မော်တော်ယာဉ်အား သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၃,၁၀၀ ကျော်တန်ဖိုးရှိ ဘိန်း ၃၅၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသည့်ဘိန်းများအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ပို့ချပေးခြင်း

၁၈-၁၂-၂၀၂၁ရက်၊ ၀၉၃၀အချိန်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ ဟံသာဝတီခန်းမ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၁) ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချို (မြို့နယ်အုပ်ချုပ်ရေးမှူး)က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ဝန်ထမ်းများအား Mask နှင့် Hand Gel များ ပေးအပ်ခြင်း

၁၃-၁၂-၂၀၂၁ရက်၊ ၁၆၀၀အချိန်၊ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲနှင့် **Mask/ Hand Gel** များ ပေးအပ်ခြင်းအခမ်းအနားအား ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်မှ ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများဖြစ်သည့် **Mask** နှင့် **Hand Gel** များ ထောက်ပံ့ပေးအပ်ခဲ့ပြီး အဆိုပါပေးအပ်ပွဲသို့ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် အမှုထမ်းများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများထောက်ပံ့ခြင်း

၆-၁-၂၀၂၂ ရက်၊ ၁၁၀၀အချိန်၊ ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများထောက်ပံ့ပေးအပ်ပွဲ ကျင်းပပြုလုပ်ခဲ့ရာ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဆန်းမှ ဝန်ထမ်းများ ကိုဗစ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း သက်သာချောင်ချိစေရန်ရည်ရွယ်၍ ပြည်နယ်ရုံးရှိ ဝန်ထမ်း(၁၁၃)ဦးအား ပေါ်ဆန်းမွှေးဆန် တစ်အိတ်လျှင်(၆)ပြည်နှုန်းပါ ဆန်(၁၁၃)အိတ်၊ စုစုပေါင်းတန်ဖိုးငွေကျပ် (၂၃.၅၈)သိန်းအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။




## အခြေခံကွန်ပျူတာသင်တန်းဆင်း လက်မှတ်များပေးအပ်ခြင်း



၅-၁-၂၀၂၂ ရက်၊ ၁၅ ၀၀ အချိန်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကွန်ပျူတာ အခြေခံသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပခဲ့ပြီး သင်တန်းဆင်းလက်မှတ်များအား အုပ်ချုပ်ရေးမှူး ဒေါ်ဆွေဆွေနိုင်မှ ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်နယ်စည်းရုံးရေးကော်မတီဆွေးနွေးပွဲ အမှတ်စဉ်(၇/၂၀၂၁)ကျင်းပခြင်း



၂၉-၁၂-၂၀၂၁ရက်၊ ၁၄၀၀အချိန်၊ ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ပြည်နယ်စည်းရုံးရေးကော်မတီဆွေးနွေးပွဲ အမှတ်စဉ်(၇/၂၀၂၁)ကျင်းပခဲ့ရာ ဆွေးနွေးပွဲတွင် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအုံ့မော်မှ ဝန်ထမ်းများအား အိုမီခရွန်ရောဂါပိုး မြန်မာနိုင်ငံတွင် စတင်တွေ့ရှိနေပါသဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ကြရန်နှင့် မိမိတို့လုံခြုံရေးအား အထူးဂရုပြုသွားလာရန်တို့ကိုပြောကြားခဲ့ပြီး အဆိုပါဆွေးနွေးပွဲသို့ ပြည်နယ်ရုံးရှိ အရာထမ်း၊ အမှုထမ်းများတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပခြင်း




၂၂-၁၂-၂၀၂၁ ရက်၊ ၁၀၀၀အချိန်၊ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင် (ခရိုင်အုပ်ချုပ်ရေးမှူး)သည် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ ပြည်သူလူထုအတွက် ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် အောက်ဆီဂျင်စက်(၁)လုံးနှင့် ဆက်စပ်ပစ္စည်းများအား ကံသာဦး မိုးညှင်း(အခမဲ့) အောက်ဆီဂျင်စက်ရုံ ထိန်းသိမ်းရေးနှင့်ထုတ်လုပ်ရေးကော်မတီသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း




၂၉-၁၂-၂၀၂၁ ရက်၊ ၀၈၃၀အချိန်၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင် အားကစားကွင်းရှိ တေဇအားကစားခန်းမ၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရပ်ကွက်/ကျေးရွာ/ ဌာနဆိုင်ရာများပါဝင်သော ပြိုင်ပွဲဝင်အသင်း (၁၉)သင်း ဝင်ရောက်ယှဉ်ပြိုင်မည့် အလွတ်တန်းပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မျိုးလတ်(ခရိုင်အုပ်ချုပ်ရေးမှူး)မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေး တွေ့ရှိချက် စာအုပ်ပါအချက်အလက်အား ချပြရှင်းလင်းခြင်း

၂၉-၁၂-၂၀၂၁ရက်၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက် စာအုပ်ပါအချက်အလက်အား ချပြရှင်းလင်းပွဲ အခမ်းအနား ကျင်းပပြုလုပ်ခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း (ခရိုင်အုပ်ချုပ်ရေးမှူး)မှ အဆိုပါစာအုပ်အား ဖတ်ကြားရှင်းလင်းခြင်းနှင့် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍများအလိုက် လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာ၌ ပါတီနိုင်ငံရေးကင်းရှင်းစွာ တာဝန်ထမ်းဆောင်ကြရန်နှင့် လုပ်ငန်းများကို အောင်မြင်အောင်ကြိုးစားဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားခြင်းများ ပြုလုပ်ခဲ့ပြီး အဆိုပါအခမ်းအနားသို့ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနမှဝန်ထမ်းများ စုစုပေါင်းအင်အား (၄၂)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။




## အောက်ဆီဂျင်စက်ရုံ ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

၂၂-၁၂-၂၀၂၁ရက်၊ ၀၉၀၀အချိန်၊ ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၊ ပြည်သူ့ဆေးရုံဝင်းအတွင်း အောက်ဆီဂျင်စက်ရုံဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဝင်းသည် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ဝန်ထမ်းနှင့်မိသားစုဝင်များအား ထောက်ပံ့ပေးအပ်ခြင်း

၁၅-၁၂-၂၀၂၁ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဦးစီးဌာနချုပ်ရုံးမှ ကယားပြည်နယ်ရုံးဝန်ထမ်းများ စိတ်ချမ်းသာစွာ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးနိုင်ရန် ဒုတိယအကြိမ် ငွေကျပ်(၁၀)သိန်းထောက်ပံ့ပေးအပ်မှုအပေါ် ၂၉-၁၂-၂၀၂၁ ရက်နေ့တွင် ကယားပြည်နယ်ဝန်ထမ်း (၆၇)ဦးတို့အား ၆၇၀,၀၀၀ိ/-(ကျပ်ခြောက်သိန်းခုနစ်သောင်းတိတိ) တန်ဖိုးရှိ စားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ၃၁-၁၂-၂၀၂၁ ရက်နေ့တွင် ဝန်ထမ်းနှင့်မိသားစုဝင်(၈၈)ဦးတို့အား တန်ဖိုး ၃၃၀,၀၀၀ိ/-(ကျပ်သုံးသိန်းသုံးသောင်းတိတိ)တန်ဖိုးရှိ စားသောက်ဖွယ်ရာများဖြင့် ညစာစားပွဲ ဧည့်ခံကျွေးမွေးခဲ့ကြောင်း သတင်းရရှိပါသည်။




## ကျန်းမာရေးစရိတ် ထောက်ပံ့ပေးအပ်ခြင်း

၂၃-၁၂-၂၀၂၁ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး၏ဇနီး ဦးဆောင်သည့် ကော်မတီဝင်များသည် ကလေးဖျားနာဆောင်တွင် တက်ရောက်ကုသနေသော ဒုတိယစုံစမ်းရေးမှူး ဒေါ်နှင်းဝေလှိုင်၏သားအား ကျန်းမာရေးစရိတ်ထောက်ပံ့ငွေ ၅၀,၀၀၀ိ/-(ကျပ်ငါးသောင်းတိတိ)အား ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြု(အမျိုးသမီး) ထုပ်ဆီးတိုးအားကစားပြိုင်ပွဲ



၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက်၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး) အားကစားပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိဘောလုံးလေ့ကျင့်ရေးကွင်း(၁)နှင့်ကွင်း(၂)ကြားတွင် ၁-၁-၂၀၂၂ ရက်နေ့မှ ၄-၁-၂၀၂၂ ရက်နေ့အထိ ဝန်ကြီးဌာနအလိုက် ကိုယ်စားပြုအသင်းစုစုပေါင်း (၁၄)သင်းမှ အုပ်စုအလိုက် ရှုံး/ထွက်ပွဲစဉ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၄-၁-၂၀၂၂ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြု(အမျိုးသမီး) အသင်းမှ ပထမဆုကို ရရှိခဲ့ကြောင်း သတင်းရရှိပါသည်။

## နာရေးကူညီထောက်ပံ့ခြင်း



၁၇-၁၂-၂၀၂၁ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး၏ဇနီး ဦးဆောင်သော မိသားစုဝင်များသည် ကျောက်ကပ်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသနေစဉ် ကွယ်လွန်သွားသည့် ဦးစီးအရာရှိ(စုံစမ်းရေး)ဦးဝင်းနိုင်၏နာရေးအား ကူညီထောက်ပံ့ငွေ ၁၅၀,၀၀၀ိ/-(ကျပ်တစ်သိန်းငါးသောင်းတိတိ)ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ထောက်ပံ့ပေးအပ်ခြင်း

၂၃-၅-၂၀၂၁ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကယားပြည်နယ်ရုံးမှ ဦးစီးအရာရှိ(စုံစမ်းရေး) ဦးသူရအောင်သည် ဒီးမော့ဆိုမြို့နယ် ရှေ့တန်းလှုပ်ရှားရုံးတွင် တာဝန်ထမ်းဆောင်နေစဉ် အကြမ်းဖက် **PDF** များမှ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသဖြင့် ၎င်း၏မိသားစုများ လိုအပ်သည့်ကိစ္စရပ်များ သုံးစွဲနိုင်ရန် ဦးစီးဌာနချုပ်ရုံးမှ ထောက်ပံ့သည့်ငွေကျပ်သိန်း(၂၀)အား ၁၅-၁၂-၂၀၂၁ နေ့တွင် ကယားပြည်နယ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးလှိုင်သည် ဦးသူရအောင်၏ဇနီးဖြစ်သူ ဒေါ်မာမာဦးနှင့်သားဖြစ်သူ မောင်တင်ရှိုင်းထွဋ်တို့ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ဆွမ်းဆန်၊ ဆီ လှူဒါန်းခြင်း




၁၄-၁၂-၂၀၂၁ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံးမှ ဝန်ထမ်းများသည် ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်ရှိ မင်္ဂလာရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ သွားရောက်၍ ဝတ္ထုငွေ ၁၀၀,၀၀၀ိ/-(ကျပ်တစ်သိန်းတိတိ)၊ တန်ဖိုးငွေ ၂၄၉,၅၀၀ိ/-(ကျပ်နှစ်သိန်းလေးသောင်းကိုးထောင့်ငါးရာတိတိ)ရှိ ဆွမ်းဆန်(၅)အိတ်နှင့် ဆီ(၁၀)ပိဿာ၊ စုစုပေါင်း ၃၄၉,၅၀၀ိ/-(ကျပ်သုံးသိန်းလေးသောင်းကိုးထောင့်ငါးရာတိတိ)အား သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ဆရာဒကာကျောင်းသို့ လှူဒါန်းခြင်း

၁-၁-၂၀၂၂ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ရုံးမှ ဝန်ထမ်းများစုပေါင်း၍ ဆရာ/ဒကာ ဘုန်းတော်ကြီးကျောင်းဖြစ်သည့် စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ မြင်းစီးပြင်လမ်းရှိ တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက်သို့ (၂၄)ပြည်ဝင်ဆန်(၁)အိတ်နှင့် စားဆီ(၅)ပိဿာတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။




## ဘုန်းတော်ကြီးကျောင်းများအား သွားရောက်လှူဒါန်းခြင်း



၉-၁၂-၂၀၂၁ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရုံးရှိ ဝန်ထမ်းများနှင့် ကော့သောင်းရှေ့တန်းရုံးရှိ ဝန်ထမ်းများမှ ကော့သောင်းမြို့၊ ရွှေပြည်သာ ရပ်ကွက်၊ ဗန္ဓုလလမ်းရှိ ပတ္တမြားကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသထံ ဆွမ်းဆန်၊ စားသုံးဆီ၊ သကြားစုစုပေါင်းတန်ဖိုး ၆၅,၀၀၀ိ/-(ကျပ်ခြောက်သောင်းငါးထောင်တိတိ)အားလည်းကောင်း၊ ၁၆-၁၂-၂၀၂၁ ရက်နေ့တွင် စည်းရုံးရေးကော်မတီမှဦးစီး၍ ဝန်ထမ်းများကသံဃာတော်များအား ဆွမ်းဆန်၊ ဆီ၊ ဆေးမျိုးစုံ၊ ဆားနှင့် ကျောင်းဝင်းအတွင်းတည်ဆောက်လျက်ရှိသော ဆွမ်းစား ဆောင်အတွက် ဘိလပ်မြေ(၅)အိတ်၊ စုစုပေါင်းတန်ဖိုး ၃၃၇,၅၀၀ိ/-(ကျပ်သုံးသိန်းသုံးသောင်းခုနစ်ထောင့်ငါးရာတိတိ)အားလည်းကောင်း၊ ၁၈-၁၂-၂၀၂၁ ရက်နေ့တွင် မြိတ်ခရိုင်ရုံးရှိ ဝန်ထမ်းများမှ မြိတ်မြို့၊ ကလွင်ကျေးရွာအုပ်စု၊ တောရကျောင်းရပ်ရှိ သံသရာအေးဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဇာတထံ စားသုံးဆီ(၁၀)ပိဿာဝင်(၁)ပုံး၊ တန်ဖိုးငွေ ၄၆,၅၀၀ိ/-(ကျပ်လေးသောင်းခြောက်ထောင့်ငါးရာတိတိ)အားလည်းကောင်း၊ ၂၉-၁၂-၂၀၂၁ ရက်နေ့တွင် ညွှန်ကြားရေးမှူး ဦးအောင်မျိုးကျော်နှင့်ဇနီး၊ ဝန်ထမ်းများက ထားဝယ်မြို့၊ အစိုးရညှော်ရိပ်သာတွင် ကြွရောက်သီတင်းသုံးနေသော ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ သဲကုန်းမြို့ရှောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဝေရ (မရှိခဏဆရာတော်)အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ပြီး လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေ ၂၀၀,၀၀၀ိ/-(ကျပ်နှစ်သိန်းတိတိ)၊ စုစုပေါင်းတန်ဖိုးငွေ ၂၅၀,၀၀၀ိ/-(ကျပ်နှစ်သိန်းငါးသောင်း)တိတိအားလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးရုံးအနေဖြင့် စုစုပေါင်းလှူဒါန်းငွေ ၆၉၉,၀၀၀ိ/-(ကျပ်ခြောက်သိန်းကိုးသောင်းကိုးထောင်တိတိ)အား လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## မရှိခဏဆရာတော်အား သွားရောက်လှူဒါန်းခြင်း

၂၆-၁၁-၂၀၂၁ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံးမှ ဝန်ထမ်းနှင့်မိသားစုဝင်များသည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့သို့ ကြွရောက်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မရှိခဏကျောင်းတိုက် ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တသုဝန(မရှိခဏဆရာတော်)အား ကချင်ပြည်နယ် ရဲတပ်ဖွဲ့ဓမ္မာရုံး၌ ပြည်ထဲရေးဝန်ကြီးဌာန၊ ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနတို့မှ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့်အတူ သွားရောက်ဖူးမျှော်ကန်တော့ခဲ့ပြီး မရှိခဏဆရာတော်ထံသို့ ပြည်နယ်ရုံးဝန်ထမ်းများမှ စုပေါင်း၍ နဝကမ္မအလှူငွေ ၂၀၀,၀၀၀ိ/-(ကျပ်နှစ်သိန်းတိတိ)အား ဆက်ကပ်လှူဒါန်းခဲ့ရာ ဆရာတော်မှ မေတ္တာပို့သတောင်းပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## (၇၄)နှစ်မြောက်၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား)ဗိုလ်စွဲပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနား




၂၀၂၂ခုနှစ်၊ (၇၄)နှစ်မြောက်၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများကို ၂၁-၁၂-၂၀၂၁ ရက်နေ့မှ ၄-၁-၂၀၂၂ ရက်နေ့အထိ ဝဏ္ဏသိဒ္ဓိ **Sports Complex** ရှိ အားကစားကွင်း/အားကစားရုံများတွင် အားကစားနည်း(၆)မျိုးဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဖူဆယ်(အမျိုးသား)ပြိုင်ပွဲအား ဖူဆယ်ပြိုင်ပွဲရုံ၌ ၂၃-၁၂-၂၀၂၁ ရက်နေ့မှ ၃-၁-၂၀၂၂ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး အုပ်စု(က)မှ(ဃ)အထိ အုပ်စု(၄)အုပ်စုခွဲ၍ ဝန်ကြီးဌာနအလိုက် ကိုယ်စားပြုအသင်း စုစုပေါင်း(၁၉)သင်းမှ အုပ်စုအလိုက် ရှုံး/ထွက်ပွဲစဉ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၃-၁-၂၀၂၂ ရက်နေ့၊ ၀၉၀၀အချိန်တွင် ဗိုလ်စွဲပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စားပြု(အမျိုးသား)အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု(အမျိုးသား)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စားပြု(အမျိုးသား)အသင်းက ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု(အမျိုးသား)အသင်းကို ၆-၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စားပြု(အမျိုးသား)အသင်းအား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှ တစ်ဦးချင်းလည်ဆွဲဆုနှင့် ငွေကျပ်သိန်း(၂၀)အား လည်းကောင်း၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေး ဝန်ကြီးဌာနကိုယ်စားပြု(အမျိုးသား)အသင်းအား အားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးမှလည်းကောင်း၊ တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနကိုယ်စားပြု(အမျိုးသား)အသင်းအား မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူမှလည်းကောင်း ဆုများအသီးသီးချီးမြှင့်ခဲ့ပြီး တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်များနှင့်ဝန်ထမ်းမိသားစုဝင်များ လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

## မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးမြတ်သူမှ ခေတ်မီ မီးငြိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ယာဉ်/စက်များ ကိုင်တွယ်ထိန်းသိမ်းအသုံးပြုမှု လေ့ကျင့်ခြင်းအစီအစဉ်အား ကြည့်ရှုစစ်ဆေး



ပိုလန်နိုင်ငံ၏ **ODA** အစီအစဉ်ဖြင့် ဝယ်ယူဖြည့်တင်းထားသည့် ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ယာဉ်နှင့် စက်ပစ္စည်းကိရိယာများအား နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ဖြန့်ခွဲပြီးဖြစ်ရာ ခေတ်မီယာဉ်နှင့်စက်ပစ္စည်းကိရိယာများအပေါ် စနစ်တကျကိုင်တွယ်ထိန်းသိမ်းအသုံးပြုတတ်စေရေးအတွက် ရန်ကုန်မြို့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ လေ့ကျင့်ရေးဌာနစုတွင် နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ အရာရှိသင်တန်းသား (၃၀)ဦးတို့ဖြင့် ၁၃-၁၂-၂၀၂၁ ရက်နေ့မှ ၂၄-၁၂-၂၀၂၁ ရက်နေ့အထိ ၂ပတ်ကြာ လေ့ကျင့်သင်ကြားလျက်ရှိရာ ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးယာဉ်နှင့် စက်ပစ္စည်းကိရိယာများအား စနစ်တကျကိုင်တွယ်ထိန်းသိမ်းအသုံးပြုတတ်စေရန်ရည်ရွယ်၍ နည်းပြများအဖြစ် ပြန်လည်ဆင့်ပွားပို့ချနိုင်သူများဖြစ်စေရန် လေ့ကျင့်လျက်ရှိရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် အရာရှိကြီးများ တက်ရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေးအထူးတပ်ဖွဲ့မှ တိုက်ပြိုကျမှုသဏ္ဍာန်တူပြုလုပ်၍ လက်တွေ့လေ့ကျင့်ခြင်းများ ဆောင်ရွက်ခြင်း

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့၊ ဝ၆ ၃၀ အချိန်ခန့်၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်တွင် မြေလျှောလျှပ်ခတ်မှုကြောင့် ပြိုကျပျက်စီးသည့် သဏ္ဍာန်တူ အဆောက်အဦပြုလုပ်လေ့ကျင့်ခဲ့ရာ လေ့ကျင့်မှုများကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူမှ အနီးကပ်ကြီးကြပ်ကွပ်ကဲခဲ့ပြီး အလုံမြို့နယ်မီးသတ်စခန်းနှင့် နေအိမ်လိုင်းခန်းပါ(၄)ခန်းတွဲ (၇)ထပ်သက်တမ်းပြည့် အဆောက်အဦအား ပြန်လည်တည်ဆောက်ရန် ဖြိုချနေသည့် စတုရန်းမီတာ (၁၀၁၇၁)ကျယ်ဝန်းသည့် လုပ်ငန်းခွင်၌ တိုက်ပြိုကျမှုသဏ္ဍာန်တူဖြစ်စဉ်အဖြစ် အသုံးပြုလျက် လေ့ကျင့်ခန်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ပြည်ထောင်စုနယ်မြေ နေပြည်တော်မီးသတ်ဦးစီးမှူးရုံး အားကစားလေ့ကျင့်ရေးစခန်း Cluster-4 မီးဘေးလုံခြုံရေးစစ်ဆေးခြင်း



၁၇-၁-၂၀၂၂ ရက်နေ့၊ ၁၅၃၀အချိန်၊ (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားတွင် လာရောက်ဖျော်ဖြေမည့် တိုင်းဒေသကြီး/ပြည်နယ်များမှ ယဉ်ကျေးမှုအဖွဲ့ဝင်များ တည်းခိုနေထိုင်မည့် အားကစားလေ့ကျင့်ရေးစခန်း **Cluster-4** အတွင်းရှိ အိပ်ဆောင်၊ စားရိပ်သာနှင့်ရုံးခန်းများတွင် တပ်ဆင်ထားရှိသော မီးသတ်ဆေးဘူးများကို ဇမ္ဗူသီရိမြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၃)ဦးတို့ဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်တွင် သောက်သုံးရေလှူဒါန်းခြင်း



၁၃-၁-၂၀၂၂ ရက်နေ့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်၊ ဥယျာဉ်ဘုန်းတော်ကြီးကျောင်းသို့ ထီးဆောင်းနယ်မြေ မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရေဂါလန်(၃၂၀၀)အား သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ပျော်ဘွယ်မြို့နယ်တွင် သောက်သုံးရေလှူဒါန်းခြင်း

၁၉-၁၂-၂၀၂၁ ရက်နေ့၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ မဲဒီးကျေးရွာ၊ တောင်ပေါ်ဘုန်းတော်ကြီးကျောင်းသို့ ပျော်ဘွယ်မြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရေဂါလန်(၁၆၀၀)အား သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့၊ ကောင်းတပ်-ကောင်းဝိုင်းလမ်းတွင် သစ်ပင်လဲကျမှုဖြစ်ပွား

ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့၊ ကောင်းတပ်အမှတ်(၁)ရပ်ကွက်၊ ကောင်းတပ်-ကောင်းဝိုင်းလမ်းတွင် ၁၇-၁-၂၀၂၂ ရက်နေ့၊ ၁၀ ၃၀ အချိန်ခန့်က မြေသားမခိုင်မာမှုကြောင့် လုံးပတ် (၅)ပေ၊ အမြင့် (၅၀)ပေခန့်ရှိ ညောင်ပင်သည် ကျိုးကျပြီး လမ်းပိတ်ဆို့မှုဖြစ်နေကြောင်း ၁၀ ၃၅ အချိန် သတင်းရရှိခဲ့သဖြင့် နမ့်ခမ်းမြို့နယ်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များဖြင့်ရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ပြီး ၁၁ ၅၀ အချိန်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးကြောင်း သတင်းရရှိပါသည်။



## ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ မြသီတာကျေးရွာ၊ ဆင်ဖြူကွင်း အမှိုက်ပုံမီးလောင်မှုဖြစ်ပွား



၁၁-၁၂-၂၀၂၁ ရက်နေ့၊ ၁၃ ၃၀ အချိန်ခန့်က ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ မြသီတာကျေးရွာ ၊ ဆင်ဖြူကွင်းအမှိုက်ပုံ မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားကြောင်းသတင်းရရှိခဲ့သဖြင့် ပဲခူးတိုင်းဒေသကြီးမီးသတ်စခန်းမှ မီးသတ်ယာဉ်(၁)စီး၊ ပဲခူးခရိုင် မီးသတ်စခန်းမှမီးသတ်ယာဉ် (၁)စီး၊ ရေသယ်ယာဉ်(၂)စီး၊ ပဲခူးနယ်မြေမီးသတ်စခန်းမှ ရေသယ်ယာဉ်(၁)စီး၊ စုစုပေါင်းမီးသတ်ယာဉ် (၂)စီး၊ ရေသယ်ယာဉ်(၃)စီး၊သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၁၄ ၃၀ အချိန် မီးငြိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဟိုပုံးမြို့နယ်၊ ထမ်ဆမ်းဂူအနီးတွင် ယာဉ်တစ်စီးချောက်ထဲသို့ထိုးကျ တိမ်းမှောက်မှုဖြစ်ပွားရာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း



၁-၁-၂၀၂၂ ရက်နေ့၊ ၁၀ ၃၅ အချိန်ခန့်၊ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဟိုပုံးမြို့နယ်၊ ထမ်ဆမ်းဂူအနီး၊ မိုင်တိုင်အမှတ် (၁၄၆/၂)လမ်းကွေ့ အတက်အရောက်တွင် တောင်ကြီးမြို့မှ ကာလိမြို့သို့မောင်းနှင်လာသော **MICRO Bus** (အမျိုးအစား) အဖြူရောင်ယာဉ်သည် မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဘယ်ဘက် ပေ(၄၀၀)ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်မှုဖြစ်ပွားကြောင်းသတင်းရရှိသဖြင့် ဟိုပုံးမြို့နယ်မီးသတ်စခန်းမှ မီးသတ်စက်ယာဉ်(၁)စီး၊ မီးငြှိမ်းသတ်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ပြီး ယာဉ်ပေါ်ပါကျား(၃)ဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)တို့အား ကြက်ခြေနီသူနာတင်ယာဉ်ဖြင့် ဟိုပုံးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းသတင်းရရှိပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ လှိုင်သာယာရပ်ကွက်၊ ကျောက်ဂူရေထွက်တောရကျောင်းတိုက်တွင် ဆွမ်းစားဆောင် မီးလောင်မှုဖြစ်ပွား

၂-၁-၂၀၂၂ ရက်နေ့၊ ၁၁ ၁၀ အချိန်ခန့်က စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ လှိုင်သာယာရပ်ကွက်၊ ကျောက်ဂူရေထွက်တောရကျောင်းတိုက်ရှိ (၁၂၀×၈၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၂)ထပ် ဆွမ်းစားဆောင်တွင် မီးအားမြှင့်စက်အတွင်း ဝါယာရှော့ဖြစ်ရာမှ မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားကြောင်း (၁၁ ၂၀) အချိန် သတင်းရရှိခဲ့သဖြင့် ကလေးမြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် (၂)စီး၊ မီးသတ်ရေသယ်ယာဉ် (၂)စီး၊ စုစုပေါင်းမီးသတ်ယာဉ် (၄)စီး၊ သန္ဓေ (၁၈)ဦး၊ အရန် (၁၀)ဦးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၁၁ ၅၅ အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် (၁၂၀×၈၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၂)ထပ် ဆွမ်းစားဆောင်(၁)လုံး မီးလောင်ခံရကြောင်းသတင်းရရှိပါသည်။




## ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်၊တောင်ကုတ်-မအီ ကားလမ်း၊ စက်သုံးဆီအရောင်းဆိုင်တွင် မီးလောင်မှုဖြစ်ပွား

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်၊ တောင်ကုတ်-မအီ ကားလမ်း၊ ကိုင်းရှည်ကျေးရွာအပြင်ဘက်တွင် ၄-၁-၂၀၂၂ရက်နေ့၊ ၁၀ ၁၂ အချိန်ခန့်က ပိုင်ရှင် ဦးစိန်စစ်၏ စိန်ပန်းတိုင်စက်သုံးဆီအရောင်းဆိုင်တွင် အလုပ်သမား ကိုချမ်းမင်းဦးသည် ပရီမီယံဒီဇယ်ပီပါအား လက်လှည့်ပန့်ဖြင့် ဆီလှယ်ရာတွင် ဆီပီပါနှင့် ဆီဂေါက်ပွတ်တိုက်ရာမှ မီးပွားထွက်ပြီး မီးကူးစက်လောင်မှုဖြစ်ပွားကြောင်း ၁၀ ၁၇ အချိန် သတင်းရရှိခဲ့သဖြင့် တောင်ကုတ်မြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် (၅)စီး၊ မီးသတ်ရေသယ်ယာဉ် (၁)စီး၊ စုစုပေါင်း မီးသတ်ယာဉ်(၆)စီး၊ တပ်မတော်ပိုင်ရေသယ်ယာဉ်(၁)စီး၊ စည်ပင်သာယာပိုင်ရေသယ်ယာဉ်(၁)စီး၊သန္ဓေ (၂၆)ဦး၊ အရန် (၂၂)ဦးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၁၁ ၁၅ အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် (၁၀×၁၀)ပေ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်းရုံးခန်း(၁)ခန်း ၊ (၃၀×၂၀)ပေ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်းဂိုဒေါင်(၁)လုံး၊ ဒီဇယ်ဆီပီပါ (၅)လုံးနှင့် ပရီမီယံဒီဇယ်ဆီပီပါ(၅)လုံး၊ (၉၂) အောက်တိန်းဆီပီပါ(၁)လုံး မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။



## ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကမ်းနားလမ်းရှိ ရေတွင်းထဲသို့ပြုတ်ကျနေသူအား ကယ်ဆယ်ရေး ဆောင်ရွက်ခြင်း

၁၄-၁-၂၀၂၂ ရက်နေ့၊ ၀၆ ၃၀ အချိန်ခန့်၊ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကမ်းနားလမ်းရှိ ရေတွင်းထဲသို့ လူတစ်ဦးပြုတ်ကျနေကြောင်း ၀၆ ၃၅အချိန် သတင်းရရှိသဖြင့် သံတွဲမြို့နယ်မီးသတ်စခန်းမှ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ရာ ရေတွင်းထဲသို့ပြုတ်ကျနေသူ ကျား(၁)ဦးအား အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ တောင်ညိုလမ်းဘေးရှိ လူနေအိမ်ပေါ်သို့ သစ်ပင်လဲကျမှုဖြစ်ပွား



၂၄-၁၂-၂၀၂၁ရက်နေ့၊ ၀၈၃၀ အချိန်ခန့်၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ တောင်ဖလံကုန်းကျေးရွာ၊ တောင်ညိုလမ်းဘေးရှိ လူနေအိမ်ပေါ်သို့ လုံးပတ် (၆)ပေ၊ အမြင့်(၄၀)ပေခန့်ရှိ သရက်ပင်သည် မြေသားမခိုင်မာမှုကြောင့် လဲကျမှုဖြစ်ပွားကြောင်း ၀၈ ၃၅ အချိန် သတင်းရရှိခဲ့သဖြင့် သာယာဝတီမြို့နယ်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ် (၁)စီး၊ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ပြီး ၀၉ ၅၀ အချိန်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးကြောင်း သတင်းရရှိပါသည်။

## ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း မီးလောင်ဆုံးရှုံးမှုနှင့်ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ချက်များ

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၁၅၈ကြိမ်ဖြစ်ပွားခဲ့ပြီး မီးအမျိုးအစားအလိုက် မီးဖိုမီး ၂၅ကြိမ်၊ ပေါ့ဆမီး ၃၅ ကြိမ်၊ အလိုအလျောက်မီး ၂ ကြိမ်၊ လျှပ်စစ်မီး ၃၉ ကြိမ်၊ မသမာသူရှို့မီး ၄၃ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၁၃ ကြိမ်နှင့် စုံစမ်းဆဲ ၁ ကြိမ် ဖြစ်ပါသည်။အိမ်ခြေအဆောက်အဦ ၁၉၃ လုံး တွင် စက်ရုံ/အလုပ်ရုံ ၁ လုံး၊ ဂိုဒေါင် ၃ လုံး မီးလောင်ခံရပြီး မီးဘေးသင့်ပြည်သူ ၂၀၈ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပါသည်။ လူ ၁၇ ဦးသေ၊ ၂ ဦးဒဏ်ရာရရှိခဲ့ပြီး ၁၁၁.၅၀၂ ကျပ်သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

၂၀၂၁ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ၁၂ လတာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မီးအမျိုးအစားအလိုက် မီးဖိုမီး ၂၀၅ ကြိမ်၊ ပေါ့ဆမီး ၄၃၈ ကြိမ်၊ အလိုအလျောက်မီး ၃၀ ကြိမ်၊ လျှပ်စစ်မီး ၄၆၆ ကြိမ်၊ မသမာသူရှို့မီး ၇၅၆ ကြိမ်၊ တောမီး ၁၃၁ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၇၅ ကြိမ်၊ မိုးကြိုးပစ် ၁ ကြိမ်၊ စုံစမ်းဆဲ ၅ ကြိမ် စုစုပေါင်း ၂၁၀၇ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၄၈၂၀ လုံးတွင် စက်ရုံ/အလုပ်ရုံ ၃၉လုံးနှင့် ဂိုဒေါင် ၇၃ လုံး မီးလောင်ခံခဲ့ရပြီး မီးဘေးသင့်ပြည်သူ ၆၉၁၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပါသည်။ မီးလောင်မှုကြောင့် လူ ၁၀၅ ဦးသေဆုံး၊ ၁၅၁ဦးဒဏ်ရာရရှိကာ တိရစ္ဆာန် ၈၄၄၃ သေဆုံးပြီး ၃,၃၉၄.၁၃ ကျပ်သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

မီးလောင်မှုများတွင် “မီးဖိုမီး၊ လျှပ်စစ်မီး၊ ပေါ့ဆမီး”များသည် အများဆုံးတွေ့ရှိရသော အချက်များဖြစ်သည့်အတွက် မီးဖိုမီးကြောင့်ဖြစ်ပွားတတ်သော မီးလောင်မှုများမဖြစ်ပေါ်စေရေးအတွက် မီးဖိုအနီးလူစောင့်ထားရှိခြင်း၊ လောင်စာဆီများမထားကြရန်နှင့် အိုမင်းမစွမ်းသူများ၊ ကလေးငယ်များအားမီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းခြင်း၊ မီးဖိုနံဘေးနှင့် အမိုး/ နံရံအကြား လုံလောက်သော အပူခံအကာအရံများထားရှိစေခြင်းဖြင့် မီးလောင်မှုမှ ကင်းဝေးစေမည်ဖြစ်ပါသည်။

မီးလောင်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးအတွက် မိမိတို့အိမ်တိုင်းတွင် ကနဦးလုပ်ဆောင်ရန်အနေဖြင့် နှစ်ကာလရှည်ကြာ၍ ဟောင်းနွမ်းဆွေးမြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများလဲလှယ်ထားခြင်း၊ လျှပ်စစ်ဒဏ်ခံကြိုး(**Fuse**)များကို ဝန်နှင့်အားမျှတအောင်သုံးစွဲခြင်း၊ လျှပ်စစ်မီးဖို၊ မီးပူများသုံးစွဲပြီးလျှင်(သို့မဟုတ်)လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားခြင်း၊ လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မ(မိန်း)ခလုတ်ပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စတို့ဖြင့် ရိုက်ပုတ်ငြိမ်းသတ်ခြင်း၊ ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများ အသုံးမပြုကြရန်နှင့် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့်အချက်များအပေါ် လိုက်နာခြင်းအားဖြင့် မီးဘေးကာကွယ်ရေးအသိဖြင့် ကြိုတင်ဆောင်ရွက်စီမံထားရှိကြမည်ဆိုပါက“ပေါ့ဆမီး”ကြောင့် ဖြစ်ပွားတတ်သော မီးလောင်မှုများ လျော့နည်းစေမည်ဖြစ်ပါကြောင်း သတိပေးအပ်ပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များ၌ သဘာဝဘေးအန္တရာယ်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှု ၃ ကြိမ်၊ ယာဉ်တိုက်မှု ၁၈ ကြိမ်၊ ယာဉ်တိမ်းမှောက်မှု ၇ ကြိမ်၊ ရေတွင်းပြုတ်ကျမှု ၁ ကြိမ်၊ သစ်ပင်ပြိုလဲမှု ၄ကြိမ်၊ ရေနစ်မြုပ်မှု ၃ ကြိမ်နှင့် တိရစ္ဆာန်ကယ်ဆယ်မှု ၁၄ ကြိမ် စုစုပေါင်း ၅၈ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့် မတော်တဆ ထိခိုက်မှုဖြစ်စဉ်များတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သန္ဒေအင်အား ၃၆၄ ဦးနှင့် အရန်မီးသတ်အင်အား ၅၇ ဦးတို့မှ ကူညီဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်မှုကြောင့် သေဆုံးသူ ၃၀ ဦးနှင့် ဒဏ်ရာရရှိသူ ၅၃ ဦးအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

**မီးသတ်ဦးစီးဌာန**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်မှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၂) ကျင်းပမှု ... မှ

များပြားနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကို ယနေ့အချိန်ထိ (၃၄)ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးမှု နှစ်စဉ်ကျဆင်းလျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် ဟက်တာ ၃၃,၁၀၀နှင့် ၂၀၂၀ပြည့်နှစ်တွင် ဟက်တာ ၂၉,၅၀၀ အထိ ကျဆင်းခဲ့ပြီး ထုတ်လုပ်မှုအနေဖြင့် ၂၀၁၉ ခုနှစ်တွင် ၅၀၈ မက်ထရစ်တန်နှင့် ၂၀၂၀ ပြည့်နှစ်တွင် ၄၀၅ မက်ထရစ်တန်ထိ ကျဆင်းခဲ့ပါသည်။



တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ဘိန်း ၂ ဒသမ ၂ တန်ကျော်၊ ဘိန်းဖြူ ၂ ဒသမ ၄ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃ ဒသမ ၃ သန်းကျော်၊ အိုက် ၁၃ ဒသမ ၅ တန်ကျော်၊ ကတ်တမင်း ၇၆၂ကီလိုအပါအဝင် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ် ၉၄၇ ဘီလီယံကျော် ဖမ်းဆီးရမိခဲ့ကြောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုလျှော့ချနိုင်ရန် ဓာတုပစ္စည်းများ ထိန်းချုပ်ရေးကဏ္ဍသည် အဓိကကျသည့်အတွက် တရားမဝင် ဓာတုပစ္စည်းများ နယ်စပ်ဒေသမှ ဝင်ရောက်လာမှုကို တားမြစ်ထိန်းချုပ်နိုင်ရေးသည် ပိုမိုအရေးကြီးလာကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါ သက်ရောက်မှုများကြောင့် ပြောင်းလဲလာသည့် မူးယစ်ဆေးဝါး ဈေးကွက်၊ သုံးစွဲမှုပုံစံ၊ ထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုတို့အပေါ် စနစ်တကျသုံးသပ်ပြီး သက်ဆိုင်သည့် ကဏ္ဍများအလိုက် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်မူးယစ်တားဆီးကာကွယ်ရေး အဖွဲ့များအနေဖြင့် ပြောင်းလဲကျင့်သုံးလာမည့် မူဝါဒ ဥပဒေနှင့်အညီ လုပ်ငန်းစီမံချက်ရေးဆွဲ အကောင်အထည်ဖော်သည့်နေရာတွင် ရနိုင်သမျှသော အရင်းအမြစ်များကို စုစည်းအသုံးပြုပြီး ထိရောက်သည့် အထောက်အထား အခြေပြုလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးစေလိုကြောင်း၊ လုပ်ငန်းအဖွဲ့များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ချက်များရှိနေသော်လည်း မိမိတို့တာဝန်ယူထားသည့် ကဏ္ဍများအလိုက် အောင်မြင်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ကိုယ်စီတာဝန်ရှိသည်ဟူသောအသိဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်းတိုက်တွန်းပြောကြားခဲ့ပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်မှ မူးယစ်ဆေးဝါးထိန်းချုပ်ရေးကြိုးပမ်းချက်အပေါ် သုံးသပ်တင်ပြပြီး တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တပ်ဖွဲ့မှူး၊ ရဲမှူးချုပ် ဝင်းနိုင်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် သုံးသပ်တင်ပြပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းတင်ပြခဲ့ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌမှ အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လိုအပ်ချက်၊ အကြံပြုချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်တွင် အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း

၁၈-၁-၂၀၂၂ ရက်နေ့၊ ၁၂၀၀အချိန်ခန့်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၃၆/၁)နှင့် (၃၆/၂)အကြားတွင် ရန်ကုန်မှ နေပြည်တော်သို့ မောင်းနှင်လာသော **Toyota Probox** (အမျိုးအစား)အဖြူရောင်ယာဉ်သည် ဝဲဘက်နောက်ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲလမ်းလယ်ကျွန်းရှိ မလေးရှားပိတောက်ပင်အား ဝင်တိုက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဘောနတ်ကြီးအမြန်လမ်းမီးသတ်စခန်းမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ပြီး ယာဉ်ပေါ်ပါကျား(၁)ဦး၊ မ(၅)ဦး၊ စုစုပေါင်း(၆)ဦးတို့အနက် မ(၁)ဦး ထိခိုက်ဒဏ်ရာ(စိုးရိမ်ရ)နှင့် ကျန်(၅)ဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)တို့အား ပဲခူးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်မှ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၂) ကျင်းပပြုလုပ်မှု




၁၄-၁-၂၀၂၂ ရက်နေ့ ၁၄၀၀ အချိန်တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်ရုံး၊ အရိန္ဒမာခန်းမ၌ ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂)ကို ကျင်းပပြုလုပ်ရာ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် ငွေကြေး ခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၉-၂၀၂၃)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေး အစီရင်ခံစာအရ ငွေကြေး ဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ **(Financial Action Task Force- FATF)** ၏ အကြံပြုချက်များ အပေါ် စဉ်ဆက်မပြတ်တိုးတက် ဆောင်ရွက်မှုအစီရင်ခံစာ **( Follow Up Report )**ကို အာရှပစိဖိတ်ဒေသ ငွေကြေး ခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ **(Asia- Pacific Group on Money Laundering-APG)**သို့ နှစ်စဉ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ပေးပို့လျက်ရှိပါကြောင်း၊ **FATF** ၏ တိုးတက်ဆောင်ရွက်မှုများကို စောင့်ကြည့်ရမည့်နိုင်ငံနှင့် ဒေသများစာရင်း လုပ်ငန်းစဉ်အရ အကောင်အထည် ဖော်ရမည့် အစီအမံ **(Action Plan)** ၏ တိုးတက်မှု အစီရင်ခံစာ **(Progress Report)**ကို အာရှပစိဖိတ်ဒေသ ပူးတွဲအဖွဲ့ **(Asia- Pacific Joint Group-APJG)** သို့ (၄)လတစ်ကြိမ် ပေးပို့လျက်ရှိပါကြောင်း၊ ထို့ကြောင့် ယခုလိုအစည်းအဝေးကျင်းပပြီး ညှိနှိုင်း ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ **FATF** က မိမိတို့နိုင်ငံအပေါ် သတ်မှတ် ထားသည့် တိုးတက်ဆောင်ရွက်မှုများကို စောင့်ကြည့် ရမည့်နိုင်ငံနှင့် ဒေသများစာရင်းမှ ပယ်ဖျက်နိုင်ရေး ဆောင်ရွက်ရန် အရေးကြီးပြီး တိုးတက်ဆောင်ရွက်မှု များကိုလည်း ပြသနိုင်ခဲ့ပါကြောင်း၊ တရားမဝင် ရရှိ ထားသော ငွေကြေးနှင့်ပစ္စည်းများ နိုင်ငံတော်၏ ငွေရေးကြေးရေးစနစ်အတွင်း ဝင်ရောက်ခြင်းမှ တားဆီး ကာကွယ်ရန် ငွေကြေးခဝါချမှုနှင့် ဆက်စပ်သည့် ပြစ်မှုများနှင့် ပတ်သက်၍ စိစစ်စုံစမ်းမှုများပြုလုပ်ပြီး ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူမှု များကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ နိုင်ငံ၏ ငွေကြေးခဝါချမှုကျူးလွန်ပုံနည်းလမ်းများ **(Typologies)**မှာ အိမ်ခြံမြေ၊ မော်တော်ယာဉ်နှင့် အဖိုးတန်ပစ္စည်းများဝယ်ယူခြင်းသည် အများဆုံးဖြစ်ပြီး ငွေကြေးလဲလှယ်ခြင်း၊ ငွေသားပြောင်းလဲခြင်း၊ တရားဝင်နှင့် တရားမဝင်ငွေကြေးများကို ရောနှော၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်း၊ အမည်ခံ၊ ဘဏ္ဍာထိန်းများ၊ မိသားစုဝင်များသို့မဟုတ် တတိယအဖွဲ့အစည်းများ အသုံးပြုခြင်း၊ သဏ္ဍာန်ဆောင်ကုမ္ပဏီများ၊ စီးပွားရေး လုပ်ငန်းများအသုံးပြုခြင်း၊ ငွေဆက်သား၊ ငွေကြေး မှောင်ခိုခြင်း၊ အင်တာနက်လောင်းကစားပြုလုပ်ခြင်း၊ ကုန်သွယ်မှုအခြေပြု ငွေကြေးခဝါချခြင်းနှင့် အကြမ်းဖက် မှုကိုငွေကြေးထောက်ပံ့ခြင်း၊ နိုင်ငံရပ်ခြားစီးပွားရေး လုပ်ငန်းများပြုလုပ်ခြင်းစသည့် နည်းလမ်းများကို အသုံးပြု၍ ကျူးလွန်ခြင်းများ တွေ့ရှိရပါကြောင်း၊ ဒါကြောင့် ငွေကြေးခဝါချမှုကို တားဆီးကာကွယ်ရန် အတွက် သတင်းပို့အဖွဲ့အစည်းများအပေါ် ကြီးကြပ် ဆောင်ရွက်ခြင်းကို စနစ်တကျဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ **FATF** က သတ်မှတ်ထားသည့် **Action Plan** ပါ အချက်များသည် သီးခြား အကြောင်းအရာများမဟုတ်ပဲ အမျိုးသားအဆင့် မဟာဗျူဟာ(၂၀၁၉-၂၀၂၃)တွင်ပါရှိသော အချက်များ သာဖြစ်ပါကြောင်း၊ မဟာဗျူဟာတွင်ပါဝင်သည့် အချက် များကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက် ခြင်းအားဖြင့် **FATF** ၏ အကြံပြုချက်များကိုလည်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ မဟာဗျူဟာကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင် ရေးအတွက် တာဝန်ရှိသည့်ဌာနဆိုင်ရာ အဖွဲ့အစည်း များ အားလုံးက အပြည့်အဝပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက ငွေကြေး ခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့တာဝန်ယူထားသည့် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များအား ရှင်းလင်း တင်ပြကြရာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က လိုအပ်သည်များမှာကြား၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။